# ကြွယ်ဝသောအသက်တာ

**‘အစဦး’ ကဘာလဲဟုမေးလျှင် (sky) သို့သာလက်ညှိုးထိုးပြီး ‘ကောင်းကင်နှင့် မြေကြီးကိုဖန်ဆင်းတာပေါ့’ ဆိုသည့်နေရာကပဲစ၍ ‘တာထွက်’ လေ့ရှိကြ၏။**

---

အခန်း (၁၅)

မိုးကောင်းကင်သုံးခု

ထာဝရဘုရားရှိရာအရပ် (သို့) နေရာ ရပ်ဝန်းကိုသမ္မာကျမ်းစာအရ ‘တတိယ ကောင်းကင်’ ဟုခေါ်၏ (၂ကော ၁၂း၂–၄)။ ကျွန်ုပ်တို့ရှိရာ မြေပြင်မှအထက် သို့စ၍ ရေတွက်မည်ဆိုလျှင် သုံးဆင့်မြောက်သောအကွာ အဝေးနေရာတစ်ခု ဟုအကြမ်း မျဉ်းမှတ်သားပါလေ။

ဒုတိယကောင်းကင်’ ဆိုသည်က ကျွန်ုပ်တို့ခေါင်းမော့ကြည့်၍ တွေ့မြင်နိုင် သော (sky) ဟုခေါ်သော ကျွန်ုပ်တို့၏ မိုးကောင်းကင်နှင့် ထာဝရဘုရား ရှိရာရပ် ဝန်း တတိယကောင်းတင်အကြားရှိ လွတ်လပ်လဟာဖြစ်နေသောအာကာသ ဟင်းလင်းပြင်နေရာဌာန အတည်တကျမရှိသော ဂျစ်ပစီတန်ခိုးရှင်အသေးစားလေး များ နေထိုင်ကျက်စားကြ၏။ ထိုကာလတစ်ခု၌ ကောင်းကင် နှစ်ခုသာရှိသေး သည်ဟု ဆိုရမည်။ (sky) ဟု ခေါ်သော ကျွန်ုပ်တို့ ၏မိုးကောင်းကင် တစ်ခုဖြစ် တည် မလာသေးသောကြောင့်ဖြစ်၏။ (ဘုရားသခင်မဖန်ဆင်းသေးပါ)

‘တတိယကောင်းကင်’အရပ်၌ ထာဝရဘုရားနှင့်သူ၏ ဗိုလ်ခြေအများ နေထိုင် ပြီး ဒုတိယကောင်းကင်’ အရပ်၌ စာတန်နှင့် ကျဆုံးသွားသောကောင်းကင် သတ္တ ဝါများရှိကြ၏။ ‘သင်တို့သည် အထက် ကလောကီတရားသို့လိုက်၍ အာကာသ ကောင်းကင်၏ တန်ခိုးကိုအစိုးရသောမင်းတည်းဟူသော ငြင်းဆန်သောသူတို့၌ ပြုပြင်သော ‘ဝိညာဉ်’ ၏အလိုနှင့်အညီ ...’ (ဧဖက် ၂း၁–၂) ။ ထိုဟင်းလင်းပြင် ဧရိယာကြီးအတွင်း၌ ဘုရားသခင်ဖန်ဆင်းထားသည့် အခြားသောလက်ရာ ကောင်းကင်တန်ဆာများစွာလည်းရှိနှင့်ပါ၏။

‘မိုးကောင်းကင်နှင့် မိုးကောင်းကင် တန်ဆာအပေါင်းကိုငါခန့်ထားပြီ’ (ဟေရှာယ ၄း၅–၁၂)။

ထိုအချိန်၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော် မူ၏ ဆိုသည့် (က ၁း၁) ကိုစာဖွဲ့ရန် အကြောင်းမရှိသေး၊ မဖြစ်ပေါ်သေး၊ ထို့ကြောင့်ကျွန်တော်တို့လူအများ မော့မော့ကြည့်၍ လက်ညှိုးထိုးပြနေသော (sky) ဟုခေါ်သော ကျွန်ုပ်တို့၏ ‘ပထမမိုးကောင်းကင်’ မရှိသေးပါ။ ကောင်းကင်နှင့် မြေကြီးဟုခေါ်သော ‘ကမ္ဘာလုံး’ မရှိသေးသောကြောင့်၊ ထိုအထဲ၌ထည့်သွင်း တည်ဆောက်မည့်‘ဧဒင်ဥယျာဉ်’လည်း မရှိသေးပါ။ ဧဒင်ဥယျာဉ် မရှိသေးသောကြောင့် ....ထိုဥယျာဉ်ထဲ၌ နေရာချ၍ ဖန်ဆင်းမည့်လူသတ္တဝါ(အာဒံ နှင့်ဧဝ) မရှိသေးပါ။ ထိုကာလ၌ .....‘စာတန်’ ရှိ၏။ ‘စာတန်’ နှင့်အတူ ‘အပြစ်တရား’ ရှိ၏။ ‘အပြစ်’ နှင့်အတူ‘စီရင်ခြင်း’ခံရသည့်အကြောင်း ရှိ၏။ ‘စီရင်ခြင်း’ နှင့်အတူ ‘ငရဲ’ ရှိ၏။

ထိုအရာအားလုံး တို့သည် ဝိညာဉ် လောကသားများဖြစ်သော ‘စာတန်’ နှင့် ကျရှုံးသွားသောကောင်းကင်တမန်တို့ အတွက်သာရည်ရွယ်ကြံစည်၍ ဘုရားသခင်ထုတ်ဖော် ဖန်ဆင်းယူလိုက်ရသော အခြားသော ဖန်ဆင်းခြင်းလက်ရာတော်များအနက်တစ်စိတ်တစ်ဒေသဖြစ်၏။ယနေ့ကျွန်ုပ်တို့၏ကမ္ဘာနှင့် သက်ရှိလောကကိုမဖန်ဆင်းမှီ (အနန္တကာလ space time) တစ်ခုအတွင်း၌ အရာခပ်သိမ်းတို့သည် သူ့အကြောင်း နှင့်သူ၊ သူ့အဖြစ်အပျက်နှင့်သူ၊ ဘုရားသခင်၏ သဘောတော် အကြံအစည်တော်များနှင့်အတူ ဖြစ်လျက်ပျက်လျက် ရှိနှင့်ခဲ့ကြပြီးဖြစ်၏။

ထိုစဉ်ကအတိုင်းမသိ စကြဝဠာကြီး အတွင်းတွင် ‘ထာဝရဘုရား’ နှင့်‘စာတန်’ ဆိုသည့်၊ အလင်းတန်ခိုးနှင့်မှောင်မိုက်တန်ခိုး နှစ်မျိုးသာရှိ၏။ ယနေ့ကမ္ဘာလောက၌ ခေတ်စားနေသော ထာဝရဘုရားမှအပ ဖြစ်သောဘာသာတရားများ၊ အဆူဆူပွင့်သော တန်ခိုးရှင်များလဲ မရှိကြသေးပါ။

အဘယ်ကြောင့်ဆိုသော် ဟင်းလင်း ပြင်ကြီးအတွင်း၌သူတို့ ရပ်တည်စရာနေရာ (place) မရှိသေး။ ဘုရားသခင် မဖန်ဆင်းရသေးသောကြောင့်ဖြစ်၏။ ရုပ်ဒြပ်အကောင်အထည်နှင့် ‘ဖြစ်တည်’လာခွင့်မရကြသေး။ တိရစ္ဆာန်များ ဖြစ်ရန်၊ လူများဖြစ်ရန်၊ ဘုရားများဖြစ်ရန် စောင့်နေကြဆဲဖြစ်လိမ့်မည်ထင်၏။ ထို ‘အရာ’ အားလုံးတို့သည်ဖန်ဆင်းခြင်းမှအပ ဖြစ်တည်လာနိုင်စရာအကြောင်းမရှိ။

ဤသည်မှာ ကျွန်တော်တို့ 'ဖြစ်ရှိ' မလာမီက'ဖြစ်တည်' နေနှင့်ပြီးသော ထာဝ ရဘုရားနှင့်သူ၏ အခြားသောဖန်ဆင်းခြင်းလက်ရာများစွာတို့၏ (အကြောင်း တရားနှင့်အကျိုးတရား) ၏သမိုင်း အကျဉ်းချုပ်ဖြစ်၏။

ယုံကြည်သူတိုင်း ဤအဖြစ်အပျက် ကိုသိထားသင့်၏။ ဤသို့မဟုတ်က 'အစဦး' ကဘာလဲဟုမေးလျှင် (sky) သို့သာလက်ညှိုးထိုးပြီး 'ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတာပေါ့' ဆိုသည့်နေရာကပဲ စ၍ 'တာထွက်' လေ့ရှိကြ၏။ သေခြင်းတရားအကြောင်းပြောလျှင်လည်း 'အာဒံက လူမိန်းမပေးလိုက်တဲ့ ပန်းသီး စားမိလို့ သေခြင်းတရားပေါ်လာတာ' ဆိုသည့် နေရာကပင်စ၍သိကြသည်က များ၏။ ဆန်းဒေးစကူး ခလေးဘဝမှ လူအိုရှိ ရောက်ခရစ်ယာန်အဖိုးကြီး အဖွားကြီး များဖြစ်သည်အထိပေါ့။ ဒီလို မျိုးကိုယ့်အသိက ပြည့်စုံမှုမရှိတဲ့အခါမှာ ဘုရားသခင် ကိုယုံကြည်ကိုးကွယ်ရသည်မှာ'အရသာ' သိပ်မရှိ၍ (ဒွိဟသံသယများ၊ ချွင်းချက် များနှင့်မဟုတ်ပါလား) ။

စာတန်ကသူ့ကိုပုန်ကန်မယ်ဆိုတာ အစကတည်းကမသိဘူးလား။ လူကို မစားစေချင်ရင် ဒီအသီးကို ဧဒင် ဉယျာဉ် ထဲ အစထဲကထည့်မထားနဲ့ပေါ့။ ငါသာ ဘုရားဆို ထည့်မထားပါဘူး။ ....စသည့်မေးခွန်းများကို အများဆုံး မေးလေ့ ပြောလေ့ ရှိကြ သည်မှာခရစ်ယာန် ဘာသာ ဝင်များချည်းသာ ဖြစ်နေခြင်း ကြောင့်ပင်။ ဘာသာခြားက ထိုသို့ မမေးပါ မပြောပါ၊ စိတ်မဝင်စားပါ။ အ ဘယ်ကြောင့်ဆိုသော် သူတို့၌ (ဖန်ဆင်းခြင်းမရှိ၊ ထာဝရဘုရားမရှိ နာမ်ဝိညာဉ် မရှိ) ဟု ယတိပြတ်ခံယူထားသောကြောင့် မည်သည့်သံသယမျိုးမှမရှိပါ ခရစ် ယာန်တို့ကသာ 'ထိုအရာများ' ရှိမည်ဟု ယုံကြည်လက်ခံထားကြ၏။ သို့သော်သူ တို့၏ ယုံကြည်မှုကို အဘယ်ကြောင့်သေချာသနည်းဟု မေးသောအခါမည်သည့် အရာကိုမျှ ဂဃနဏ မသိ။

*  *  *

တင်အောင်လွင် (EXODUS)